ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com    Tel : 95 1 397640
PO.Box: 194    Fax: 95 1 397641

---

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

# ညွှန်ကြားချက် ( ၁ / ၂၀၁၇ )

အကြောင်းအရာ။ **ဆီတင်ရေယာဉ်နှင့် စက်မဲ့ဆီတင်တွဲများမှအပ အခြားရေယာဉ်များတွင် လောင်စာဆီ နှင့် စားအုန်းဆီတို့အား ကုန်စည်အဖြစ် ရေယာဉ်၏ကိုယ်ထည်အတွင်း ဝမ်းလောင်း (In Bulk) တင်ဆောင်ခွင့်မပြုခြင်းကိစ္စ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄၊ ပုဒ်မခွဲ(ခ) နှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

(က) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းတွင် လောင်စာဆီနှင့် စားအုန်းဆီများအား ကုန်စည်အဖြစ် သယ်ယူပို့ဆောင်ရာတွင် ဆီတင်ရေယာဉ်များ (Tanker)နှင့် စက်မဲ့ဆီတင်တွဲ (Oil Barge) များမှလွဲ၍ အခြားမည်သည့်ရေယာဉ်၏ ရေယာဉ်ကိုယ်ထည် အခန်းလွတ်များ (Void Space) နှင့် ကုန်ပေါက်များ (Cargo Hold) အတွင်းသို့ လောင်စာဆီများအား ဝမ်းလောင်း (In Bulk) တင်ဆောင်ခြင်းမပြုရ။

(ခ) အခြားရေယာဉ်များ၏ ကိုယ်ထည်အခန်းလွတ်များ (Void Space) နှင့် ကုန်ပေါက်များ (Cargo Hold) တွင် လောင်စာ ဆီများအား ဝမ်းလောင်း (In Bulk) တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**
မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့
ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်း

**မိတ္တူကို**

ရေကြောင်းဌာနခွဲ
ရေကြောင်းအင်ဂျင်နီယာဌာနခွဲ
ရေကြောင်းလုပ်ငန်းဌာနခွဲ
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ(အထက်မြန်မာပြည်)
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ(အောက်မြန်မာပြည်)